## အထင်အမြင်လွဲမှု ၇–“ မွတ်စလင်မ်တွေအားလုံးဟာ အာရဗ်လူမျိုးတွေဖြစ်တယ်။”

ကမ္ဘာ့မွတ်စလင်မ်ဦးရေရဲ့ ၂၀ရာခိုင်နှုန်းကသာ အာရဗ်လူမျိုးများဖြစ်ပါတယ်။ ဆိုလိုတာက ကျန်တဲ့ ၈၀ရာခိုင်နှုန်းသော မွတ်စလင်မ်တွေဟာ အာရဗ်မဟုတ်သူများ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ဤ◌ာရဗ်မွတ်စလင်မ်တွေရဲ့ အရေအတွက်ထက် အိန္ဒိယနဲ့ အင်ဒိုနီးရှား မွတ်စလင်မ်တွေရဲ့ အရေအတွက်က ပိုပြီး များပါတယ်။

အစ္စလာမ်မှာ လူမျိုး၊ အသားအရောင်ကြောင့် လူတစ်ယောက်က အခြားသူတစ်ယောက်ထက် သာပို မြင့်မြတ်ခြင်းမျိုးမရှိသလို လူမျိုးရေးခွဲခြားခြင်းကိုလည်း ပြင်းပြင်းထန်ထန် တားမြစ်ထားပါတယ်။ အစ္စလာမ်မှာ ကမ္ဘာ့လူသားအားလုံးနဲ့ သက်ဆိုင်တဲ့ သတင်းစကားတစ်ခုရှိပါတယ်။ အဲ့တာကတော့ “လူတိုင်းလူတိုင်းဟာ စစ်မှန်တဲ့ ဖန်ဆင်းရှင် ဘုရားသခင် တစ်ပါးတည်းကို သိရှိမှတ်သားပြီး ကိုးကွယ်ဆည်းကပ်ခြင်းဖြင့်သာ ငြိမ်းချမ်းမှုနဲ့ အောင်မြင်မှုကို ရရှိနိုင်မှာဖြစ်တယ်” ဆိုတဲ့ သတင်းစကားပဲ ဖြစ်ပါတယ်။

## အထင်အမြင်လွဲမှု ၈– “ဂျီဟာဒ်ဟာ အကြမ်းဖက်မှု ဖြစ်တယ်”

ဂျီဟာဒ်ရဲ့ အနှစ်သာရဟာ မိမိရဲ့ ဘာသာတရားအတွက် ဖန်ဆင်းရှင် နှစ်သက်တဲ့ ပုံစံနဲ့ စွန့်လွှတ်အနစ်နာခံ ရုန်းကန်ရခြင်းဖြစ်ပါတယ်။ ဘာသာစကားအရ၊ ဒါဟာ “ရုန်းကန်ခြင်း”လို့အဓိပ္ပာယ်ရပြီး လူတစ်ယောက်ကောင်းမှု ကုသိုလ်တွေပြုလုပ်ဖို့၊ အလှူအတန်းပြုလုပ်ဖို့၊ အစ္စလာမ်ရဲ့ စစ်ရေးမှာပါဝင်ဖို့ ကြိုးစားရုန်းကန်ခြင်းတွေကို ဆိုလိုပါတယ်။ လူအများသိကြတဲ့ ဂျီဟာဒ်ရဲ့ ပုံစံက စစ်ရေးအရဖြစ်ပြီး လူ့အသိုင်းအဝိုင်းရဲ့ကောင်းကျိုးကို ထိန်းသိမ်းဖို့၊ ဖိနှိပ်ချုပ်ချယ်မှုတွေကိုရပ်တန့်ဖို့နဲ့ တရားမျှတမှုကိုရှေးရှုပြီး စစ်ဆင်ခြင်းတို့ကို ခွင့်ပြုထားပါတယ်။ ဒါဟာအခြေအနေပေါ်မူတည်ပြီး ထိုးစစ်ဆင်ခြင်းလည်းဖြစ်နိုင်သလို၊ ခုခံစစ်လည်း ဖြစ်နိုင်ပါတယ်။

## အထင်အမြင်လွဲမှု ၉–“မွတ်စလင်မ်တွေဟာ မုဟမ္မဒ် သို့မဟုတ် လရဲ့ အရှင်သခင်ကို ကိုးကွယ်ကြတယ်”

သို့တိုင်အောင် မွတ်စလင်မ်တွေဟာ တမန်တော်မုဟမ္မဒ်ကို ကိုးကွယ်ကြတယ်ဆိုတဲ့ အထင်အမြင်လွဲမှားမှုတွေ ရှိနေပါသေးတယ်။ ဒါဟာ လုံးဝမှားယွင်းပါတယ်။ ဒါကို တမန်တော် မုဟမ္မဒ်ကိုယ်တော်တိုင်က ငြင်းဆိုထားပါတယ်။ **“အသင်တို့ ကျွန်ုပ်ကို ခရစ်ယာန်ဘာသာဝင်တွေ မရ်ယမ်သခင်မ(မေရီ)ရဲ့သား ခရစ်တော်ကို ချီးမွမ်းကြသကဲ့သို့ အလွန်အမင်း ချီးကျူးခြင်းမပြုကြလေနှင့်။ ကျွန်ုပ်ဟာ ဖန်ဆင်းရှင်ရဲ့ ကျေးကျွန်သာဖြစ်တယ်။ ဒါကြောင့် ကျွန်ုပ်ကို အရှင့်ရဲ့ကျွန်၊ အရှင့်ရဲ့ တမန်တော်လို့သာ ခေါ်ဝေါ်ကြပါ”။**

ဒါနဲ့ဆက်စပ်နေတဲ့ အဆိုတစ်ရပ်ဖြစ်တဲ့ မွတ်စလင်မ်တွေဟာ “လရဲ့ အရှင်သခင်”ကို ကိုးကွယ်ကြတယ်ဆိုတဲ့ အဆိုဟာလည်း လုံးဝမှားယွင်းပါတယ်။ လကိုဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်က လွဲပြီးမည့်သည့်အရာကိုဖြစ်စေ ကိုးကွယ်ဆည်းကပ်ခြင်းကို အစ္စလာမ်မှာ တင်းကြပ်စွာ တားမြစ်ထားပါတယ်။

*“သင်တို့သည် နေကိုလည်း ဦးမချကြနှင့်၊ လကိုလည်း ဦးမချကြနှင့်၊ ထိုအရာအားလုံးကို ဖန်ဆင်းထားတော်မူသော အလ္လာဟ်ကိုသာလျှင်ဦးချကြကုန်။ အကယ်၍ သင်တို့သည် ထိုအရှင့်ကိုသာ ကိုးကွယ်ကြသည် ဆိုလျှင်ပေ့ါ”။ ကုရ်အာန် (၄၁ : ၃၇)*

အစ္စလာမ်မှာ ဖန်ဆင်းရှင်ဟာ ပြီးပြည့်စုံတော်မူသော၊ အကြီးမြတ်ဆုံးသော၊ မည်သူတစ်ဦးတစ်ယောက်မျှ နှိုင်းယှဉ်နိုင်စွမ်းမရှိအောင် ပြိုင်စံကင်းသော အရှင်မြတ် ဖြစ်တော်မူကြောင်း ပြသထားပါတယ်။ ထိုအရှင်မြတ်ဟာ တရားမျှတမှုအရှိဆုံးသော၊ သနားကြင်နာတတ်ဆုံး ဖြစ်တော်မူပါတယ်။ ကုရ်အာန်ကျမ်းမြတ်ရဲ့ နေရာများစွာမဦ◌ှ ဖော်ပြထားသကဲ့သို့ ထိုအရှင်တစ်ပါးတည်းကိုသာ ခဝပ်ဆည်းကပ်ခြင်းဟာ အစ္စလာမ်ရဲ့ အရေးအကြီးဆုံး ယုံကြည်ချက်ပဲ ဖြစ်ပါတယ်။

## အထင်အမြင်လွဲမှု ၁၀–“အစ္စလာမ်က အတင်းအကြပ် လက်ထပ်တာတွေကို ခွင့်ပြုထားတယ်”

စီစဉ်ပေးတဲ့လက်ထပ်မှုတွေဟာ ကမ္ဘာနဲ့အဝှမ်း နိုင်ငံအချို့မှာ ရှေးအစဉ်အလာ အရကျင့်သုံးကြတဲ့ ထုံးစံတစ်ခုဖြစ်ပါတယ်။ မွတ်စလင်မ်တွေ သီးသန့်မဟုတ်ပေမယ့်၊ အတင်းအကြပ်လက်ထပ်မှုတွေဟာ အစ္စလာမ်နဲ့ မှားယွင်းစွာ လာရောက်ဆက်စပ်နေတာကို တွေ့ရပါတယ်။

အစ္စလာမ်မှာ၊ အမျိုးသားဖက်ကရော အမျိုးသမီးဖက်ကပါ ကြင်ဖက်လောင်းကို ရွေးချယ်ခွင့် ငြင်းဆိုခွင့် ရှိပါတယ်။ ပြီးတော့ လက်မထပ်မီ အမျိုးသမီးရဲ့ စိတ်ထဲကစစ်မှန်တဲ့ ခွင့်ပြုချက်မပါဘဲ လက်ထပ်တာဟာ တရားမဝင်ဘူးလို့ သတ်မှတ်ထားပါတယ်။

## အထင်အမြင်လွဲမှု ၁၁ –“အစ္စလာမ်ဟာ လူတွေကို မွတ်စလင်မ်ဖြစ်လာဖို့ အတင်းအကြပ် တိုက်တွန်းတယ်”

အစ္စလာမ်ရဲ့လှပတဲ့ သတင်းစကားကို အခြားသူတွေထံ ဖြန့်ဝေဖို့ မွတ်စလင်မ်တွေမှာ တာဝန်ရှိပေမယ့် မည်သူ့ကိုမှ အစ္စလာမ်ထဲသို့ အတင်းအကြပ် ဝင်ရောက်စေခြင်း မပြုလုပ်ရပါဘူး။ အစ္စလာမ်ကို လက်ခံဖို့အတွက် လူတစ်ယောက်ဟာ စိတ်ရင်းစိတ်ထားမှန်ကန်စွာနဲ့ စိတ်ပါလက်ပါ ဖန်ဆင်းရှင်ကို ယုံကြည်ပြီး နာခံရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၊ အဓိပ္ပါယ်ဖွင့်ဆိုချက်အရည မည်သူ့ကိုမှ အစ္စလာမ်ကို အတင်းအကြပ် လက်ခံခိုင်းတာမျိုး မပြုလုပ်သင့်၊ မပြုလုပ်ရပါ။

အောက်ပါအချက်များကို စဉ်းစားကြည့်ပါ။

- အင်ဒိုနီးရှားနိုင်ငံဟာ ကမ္ဘာ့မွတ်စလင်မ်ဦးရေ အများဆုံးနိုင်ငံဖြစ်သည့်တိုင် ထိုနိုင်ငံသို့ အစ္စလာမ်ရောက်ရှိလာဖို့အတွက် မည်သည့်စစ်ပွဲတစ်ခုမျှ မဆင်နွှဲခဲ့ကြပါ။
- အာရေဗျမှာ မျိုးရိုးစဉ်ဆက်နေထိုင်လာခဲ့တဲ့ အာရဗ်ကော့ပ်တစ်ခရစ်ယာန်ပေါင်း ၁၄မီလီယံခန့်ရှိနေပါတယ်။
- ယနေ့ အစ္စလာမ်ဟာ အနောက်နိုင်ငံတွေမှာ ယုံကြည်သူဦးရေတိုးပွားမှု အမြန်ဆုံး ဘာသာတရား ဖြစ်နေပါတယ်။
- ဖိနှိပ်မှုကို တွန်းလှန်ဖို့၊ တရားမျှတမှုရရှိဖို့ အတွက် ဂျီဟာဒ်ဆင်နွှဲခွင့်ရှိပေမယ့် လူတွေကို အစ္စလာမ်ကို အတင်းအကြပ်လက်ခံခိုင်းတာမျိုး မပါဝင်ပါဘူး။
- စပိန်ကို မွတ်စလင်မ်တွေ နှစ်ပေါင်း ၈၀၀ ခန့် အုပ်ချုပ်ခဲ့သည့်တိုင်အောင် လူတွေကို အစ္စလာမ်ကိုကူးပြောင်းဖို့ အကျပ်ကိုင်တာမျိုးမရှိခဲ့ပါဘူး။

## နိဂုံး

အစ္စလာမ်ရဲ့အကြောင်းကို မှန်ကန်တိကျမှုမရှိတဲ့ ရင်းမြစ်တွေကတဆင့် လေ့လာတာဟာ အန္တရာယ်များပြီး အထင်အမြင်လွဲမှားမှုတွေဆီသို့ ဦးတည်သွားနိုင်ပါတယ်။ လူသားမျိုးနွယ်ရဲ့ ၄ပုံ၁ပုံကျော်က လက်ခံယုံကြည်ထားတဲ့ အစ္စလာမ်သာသနာနဲ့ပတ်သက်ပြီး မှားယွင်းတဲ့ အချက်အလက်တွေနဲ့ အယူအဆအလွဲတွေကို လက်မခံဖို့ အရေးကြီးပါတယ်။

လူသားမျိုးနွယ်တစ်ခုလုံးအတွက် လမ်းပြဖြစ်တဲ့ အစ္စလာမ်ရဲ့ သတင်းစကားကို သေသေချာချာ စဉ်းစားဆင်ခြင် တွေးတောသင့်တယ်မဟုတ်လား?

# အစ္စလာမ်နှင့်ပတ်သတ်ပြီး အထင်အမြင်လွဲမှားမှုများ

အသင်အမှန် တကယ်သိထား တာဘာလဲ?

အခြေခံ အချက် များကိုလေ့လာခြင်း

islamicpamphlets.com

အစ္စလာမ်ဟာ ကမ္ဘာအဝှမ်းကိုးကွယ်မှုအများဆုံးသာသနာဖြစ်သလို အထင်အမြင်လွဲမှားမှုအများဆုံး သာသနာလည်း ဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ ဘက်လိုက်တဲ့မီဒီယာတွေ၊ အခြားမတူညီသူများရဲ့ ကြောက်ရွံ့မှုတွေကြောင့် အစ္စလာမ်အကြောင်း အမှားများနဲ့ ယူဆချက်အလွဲများဟာ ပျံ့နှံ့နေခဲ့ပါတယ်။ အစ္စလာမ်သာသနာနဲ့ မွတ်စလင်မ်တွေကို နားလည်ဖို့ အဓိကအချက်ကတော့ ပုံသေကားချပ် သမားရိုးကျဝါဒီများကို သည်းခံဖို့နဲ့ အခြေအနေအရပ်ရပ်ကို အစ္စလာမ်ရဲ့ အဆုံးအမနဲ့ စစ်မှန်တဲ့ ရင်းမြစ်တွေကို လေ့လာခြင်းပဲ ဖြစ်ပါတယ်။

## အထင်အမြင်လွဲမှု ၁–“မွတ်စလင်မ်တွေဟာ မွတ်စလင်မ်မဟုတ်သူတွေလိုကောင်းမွန်တဲ့အလေ့အကျင့်တွေနဲ့ ဆက်ဆံရေးတွေမရှိပါဘူး”

အစ္စလာမ်ရဲ့ အလေ့အကျင့်တွေဟာ အနောက်တိုင်းရဲ့ ကောင်းမွန်တဲ့ အလေ့အကျင့်တွေနဲ့ သဟဇာတ မဖြစ်ဘူးလို့ အချို့သူတွေက ပြောဆိုကြပါတယ်။ အဲ့ဒီလို ပြောဆိုခြင်းတွေဟာ မမှန်ကန်ပါဘူး။

မွတ်စလင်မ်တွေဟာလည်း ကမ္ဘာသူကမ္ဘာသားအားလုံး လက်ခံထားကြတဲ့ ကောင်းမွန်တဲ့ အလေ့အကျင့်တွေကို တန်ဖိုးထားကြပါတယ်။

- ရိုးသားခြင်းနှင့် တရားမျှတခြင်း
- ကတိတည်ခြင်း
- ဘာသာတရားလွတ်လပ်ခွင့်ပေးခြင်း
- မိဘများ၊ ဆွေမျိုးများ၊ အိမ်နီးချင်းများနှင့် သက်ကြီးရွယ်အိုများကို လေးစားခြင်း။
- အပေးအကမ်း အလှူအတန်းရက်ရောခြင်းနှင့် သူဆင်းရဲများ၊ လိုအပ်နေသူများကို ကြည့်ရှုစောင့်ရှောက်ခြင်း။
- လိမ်လည်ခြင်း၊ အမြတ်ထုတ်ခြင်း၊ ဆဲဆိုခြင်း၊ နောက်ကွယ်အတင်းပြောခြင်းတို့မှ ရှောင်ကြဉ်ခြင်း။

မွတ်စလင်မ်တွေဟာ လူ့အသိုင်းအဝိုင်းကို ကောင်းကျိုးပြုရမှာဖြစ်ပြီး အကောင်းဆုံးအကျင့်စာရိတ္တနှင့် အကောင်းဆုံးအပြုအမူများကိုသာ ကျင့်ဆောင်ရမှာဖြစ်တယ်လို့ အစ္စလာမ်က သွန်သင်ထားပါတယ်။

## အထင်အမြင်လွဲမှု ၂– “မွတ်စလင်မ်တွေဟာ အလ္လာဟ် လို့ခေါ်တဲ့ ဘုရားအသစ်တစ်ပါးကို ကိုးကွယ်ကြတယ်”

အလ္လာဟ် ဆိုတဲ့ စကားလုံးဟာ အရဗီ ဘာသာအရ အနန္တတန်ခိုးတော်ရှင် ဘုရားသခင် လို့အဓိပ္ပါယ်ရပါတယ်။ တစ်ပါတည်းသော ဘုရားသခင် ဖန်ဆင်းရှင်ကို ရည်ညွှန်းတဲ့ လေးနက်ကြွယ်ဝတဲ့ အရဗီစကားလုံးဖြစ်ပါတယ်။ အရဗီစကားပြောတဲ့ ခရစ်ယာန်နဲ့ ဂျူးဘာသာဝင်တွေဟာလည်း အလ္လာဟ်ဆိုတဲ့ စကားလုံးနဲ့ပဲ ဖန်ဆင်းရှင်ဘုရားသခင်ကို ခေါ်ဆိုပါတယ်။

သို့ပေမယ့် မွတ်စလင်မ်တွေ၊ ဂျူး နဲ့ ခရစ်ယာန်တွေဟာ တူညီတဲ့ ဘုရားသခင် (ဖန်ဆင်းရှင်) တစ်ပါးတည်းကိုသာ ယုံကြည်ကြပေမယ့် ဖန်ဆင်းရှင်နဲ့ ပတ်သက်တဲ့ အယူအဆ တွေကတော့ ကွဲလွဲပါတယ်။ ဥပမာအနေနဲ့ မွတ်စလင်မ်တွေက ဖန်ဆင်းရှင်မှာ တွဲဖက်ရှိတယ်၊ ဒါမှမဟုတ် ဖန်ဆင်းရှင်ဟာ သုံးပါးတစ်ဆူရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တယ်ဆိုတဲ့ အယူအဆကို လက်မခံပါဘူး။ ဖန်ဆင်းရှင်ဟာ တစ်ပါးတည်းပြည့်စုံတော်မူတဲ့ အနန္တ တန်ခိုးတော်ရှင်ဖြစ်တယ်လို့ မွတ်စလင်မ်တွေက ယုံကြည်ကြပါတယ်။

## အထင်အမြင်လွဲမှု ၃– “အစ္စလာမ်က အကြမ်းဖက်မှုကို ခွင့်ပြုထားတယ်”

မီဒီယာတွေက မွတ်စလင်မ်တွေ တရားသဖြင့် တိုက်ခိုက်သလား၊ မတရားသဖြင့် တိုက်ခိုက်သလား ၊ တခြားသူတွေကို ဖိနှိပ်နေတာလား၊ ဖိနှိပ်ခံနေရတာလား သေချာမသိရှိပဲ တိုက်ခိုက်တဲ့မွတ်စလင်မ်တိုင်းကို အကြမ်းဖက်သမားလို့ ခြုံငုံပြီး ဖော်ပြကြပါတယ်။

စစ်ပွဲမှာ အပြစ်မဲ့တဲ့ သူတွေကို တိုက်ခိုက်ခြင်းဟာ ရက်စက်ကြမ်းကြုတ်တဲ့ အပြုအမူအဖြစ် အစ္စလာမ်က ရှင်းလင်းပြတ်သားစွာ တားမြစ်ထားပါတယ်။ အမှန်တကယ်တော့ အစ္စလာမ်ဟာ အပင်တွေနဲ့ တိရစ္ဆာန်တွေကို တောင် မလိုအပ်ပဲ ဖျက်ဆီးဖို့ ခွင့်မပြုထားပါဘူး။ အပြစ်မဲ့တဲ့လူတွေကိုလည်း နှောင်ယှက်ခွင့် တိုက်ခိုက်ခွင့် မပေးထားပါဘူး။ မည်သို့ပင်ဖြစ်စေ၊ အကြမ်းဖက်ခြင်းနဲ့ မိမိအခွင့်အရေးအရ ကျူးကျော်လာတာကိုခုခံခြင်း ကို ခွဲခြားတတ်ဖို့ လိုအပ်ပါတယ်။ အဲ့ဒီနှစ်ခုဟာ အင်မတန်ကွာခြားပါတယ်။

ကုရ်အာန်ကျမ်းမြတ်မှာ အပြစ်မဲ့တဲ့ လူတစ်ယောက်ကို သတ်ဖြတ်ခြင်းဟာ မည်မျှ ပြင်းထန်ကြောင်း ဖော်ပြထားပါတယ်။ ပြီးတော့ လူ့ဘဝရဲ့ တန်ဖိုးကိုလည်း အလေးအနက်ထားပြီး ဖော်ပြထားပါတယ်။

> *“မည်သူမဆို အသက်တစ်ချောင်းကို မတရားသဖြင့် သတ်ခဲ့ပါမူ သူသည် လူအားလုံးကို သတ်လိုက်သကဲ့သို့ ဖြစ်သည်။ ထို့ပြင် မည်သူမဆို အသက်တစ်ချောင်းကို ကယ်တင်လိုက်ပါမူ သူသည် လူအားလုံးကို ကယ်တင်လိုက်သကဲ့သို့ ဖြစ်ပေသည်။”* ကုရ်အာန်(၅:၃၂)

## အထင်အမြင်လွဲမှု ၄– “အစ္စလာမ်က အမျိုးသမီးတွေကို ဖိနှိပ်တယ်”

ဖန်ဆင်းရှင်ရှေ့တော်မှောက်မှာ အမျိုးသမီးရော အမျိုးသားရော တန်းတူပဲ ဖြစ်ပြီး ကောင်းမှုတွေအတွက် တန်းတူ အကျိုးရမှာ ဖြစ်သလို မိမိတို့ရဲ့ အပြုအမူတွေအတွက် တာဝန်ရှိမှုလည်း တန်းတူပဲဖြစ်တယ်လို့ အစ္စလာမ်မှာ ပြဆိုထားပါတယ်။ ဖန်ဆင်းရှင်ရဲ့ ရှေ့တော်မှာ လူသားတွေဟာ ဘာသာတရား ကိုင်းရှိုင်းမှု အပေါ်သာ မူတည်ပြီး ကွာခြားသွားပါတယ်။

> *“ဧကန်စင်စစ် အလ္လာဟ်ထံတွင် အသင်တို့အနက် ဂုဏ်သိက္ခာ အရှိဆုံးသောသူမှာ အလ္လာဟ်ကို အကြောက်ဆုံးသူပင် ဖြစ်လေသည်။”* ကုရ်အာန် (၄၉:၁၃)

စစ်မှန်တဲ့ ဂုဏ်သိက္ခာနဲ့ အဆင့်အတန်းဟာ လူတစ်ယောက်ချမ်းသာတာ ဆင်းရဲတာ၊ ဖြူတာမဲတာ၊ ယောကျ်ားမိန်းမ၊ စတာတွေနဲ့ မသက်ဆိုင်ဘဲ ဖန်ဆင်းရှင်အား ကျိုးနွံမှု၊ ချစ်ခင်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု တို့နဲ့သာ ရနိုင်ကြောင်း ဒီကျမ်းပိုဒ်က သက်သေပြနေပါတယ်။

လုပ်ခလစာ တန်းတူရရှိရေး၊ မိမိ၏ အိမ်ထောင်ဖက်ကိုရွေးချယ်နိုင်ခြင်း၊ ပညာသင်ခွင့်ရှိခြင်း၊ ကွာရှင်းပြတ်စဲခွင့်ရှိခြင်းနှင့် အမွေဆက်ခံခွင့်ရှိခြင်း စသဖြင့် အစ္စလာမ်မှာ အမျိုးသမီးတွေကို အထူးဂုဏ်ပေးလေးစားဖို့ ပြသထားပါတယ်။

ကံမကောင်းစွာနဲ့ပဲ၊ မိမိတို့ရဲ့အခွင့်အရေးတွေကိုမရရှိပဲ ဖိနှိပ်ခံနေကြရတဲ့ အမျိုးသမီးတွေရှိနေပါတယ်။ ဒါဟာ အစ္စလာမ်ရဲ့အမှားမဟုတ်ပါဘူး။ ပြဿနာက တစ်ချို့နိုင်ငံတွေကလူတွေဟာ အစ္စလာမ်နဲ့ ဘယ်လိုမှ မသက်ဆိုင်တဲ့ အချို့သော ဓလေ့ထုံးတမ်းတွေကို လိုက်နာကြလို့ ဖြစ်ပါတယ်။

## အထင်အမြင်လွဲမှု ၅– “ကုရ်အာန်ဟာ သမိုင်းစာအုပ်တစ်အုပ် ဒါမှမဟုတ် ကဗျာစာအုပ်တစ်မျိုးပဲ ဖြစ်တယ်”

ကုရ်အာန်ကျမ်းမြတ်ဟာ အနန္တတန်ခိုးတော်ရှင် ဖန်ဆင်းရှင်က ကောင်းကင်တမန်တော် ဂျီဘရာအီလ် (ဂေဘရီရယ်လ်) မှတဆင့် တမန်တော်မုဟမ္မဒ် (သူ့အပေါ်ငြိမ်းချမ်းခြင်းအဖြာဖြာသက်ရောက်ပါစေ) ထံသို့ ချပေးတော်မူခဲ့တဲ့ ကျမ်းစာတော်မြတ် ဖြစ်ပါတယ်။ ဒီကျမ်းမြတ်ဟာ လူသားတွေ ဘဝမှာမှန်ကန်စွာ နေထိုင်နိုင်ဖို့ လမ်းညွှန်ပြသပေးတဲ့ အမှန်တရားရဲ့ စံပြတစ်ခုဖြစ်ပါတယ်။ ကုရ်အာန်ကျမ်းမြတ်မှာ ကျွန်ုပ်တို့ လေ့လာအတုယူနိုင်ဖို့ အတွက် ရှေ့ကလူသားတွေရဲ့ သင်ခန်းစာတွေနဲ့ တမန်တော်တွေရဲ့ သမိုင်းတွေပါဝင်ပါတယ်။ ဒ့ါအပြင်ကုရ်အာန်ကျမ်းမြတ်က ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ ကိုယ်တိုင်အကြောင်းနဲ့ ကျွန်ုပ်တို့ရဲ့ ဖန်ဆင်းရှင်အကြောင်းအပြင် ကျွန်ုပ်တို့ ဖြစ်တည်နေရတဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ ဖန်ဆင်းရှင်ကို သိရှိပြီး ဖန်ဆင်းရှင် တစ်ပါးတည်းကိုသာ ကိုးကွယ်ဆည်းကပ်ဖို့ကိုလည်း သင်ပြပေးပါတယ်။

ဖန်ဆင်းရှင်ဟာ ကျွန်ုပ်တို့ လူသားတွေကို ဦးတည်ချက်မဲ့ လှည့်လည်သွားလာနေဖို့ ဖန်ဆင်းခဲ့တာ မဟုတ်ပါဘူး။ ယုံကြည်မှုကို စမ်းသပ်ခြင်းဆိုတာဟာ လူတစ်ယောက်က မိမိရဲ့ ဉာဏ်ပညာ၊ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်နဲ့ ကျိုးကြောင်းဆက်စပ်တွေးခေါ်နိုင်ခြင်းတို့ကိုအသုံးပြုပြီး ဖန်ဆင်းရှင်ရဲ့ သက်သေလက္ခဏာများကို ချိန်ဆပြီး သိရှိမှတ်သားခြင်း ဖြစ်ပါတယ်။ ထို့သို့လက္ခဏာများထဲမှ အကြီးကျယ်ဆုံး သက်သေလက္ခဏာကတော့ ကုရ်အာန်ကျမ်းတော်မြတ်ပဲ ဖြစ်ပါတယ်။

ကုရ်အာန်ကျမ်းတော်မြတ်ထဲမှာ တန်ခိုးပြာဋိဟာ များစွာပါဝင်တာကြောင့် ကျွန်ုပ်တို့ဟာ ဒီကျမ်းမြတ်ရဲ စစ်မှန်မှုနဲ့ ပတ်သက်ပြီး ယုံမှားသံသယဖြစ်စရာ မရှိပါဘူး။

## အထင်အမြင်လွဲမှု ၆–“ဟီဂျဗ်ဝတ်ဆင်ခြင်းဟာ ဖိနှိပ်မှု ဖြစ်တယ်”

ဟီဂျဗ်ကို လေ့လာကြည့်မယ်ဆိုရင် ၊ မွတ်စလင်မ်အမျိုးသမီးတွေဟာ သူတို့နဲ့ ဆွေမျိုးသားချင်းမတော်စပ်တဲ့ အမျိုးသားတွေရှိနေတဲ့အခါမှာ မိမိခန္ဓာကိုယ် ပုံပန်းသဏ္ဍာန်ကို မပေါ်လွင်စေတဲ့ အဝတ်အစားများနဲ့ ဖုံးအုပ်ပြီး ဣန္ဒြေထိန်းသိမ်းဖို့လိုအပ်တယ်လို့ အစ္စလာမ်က သင်ပြထားပါတယ်။ သို့ပေမယ့် ဟီဂျဗ်ဟာ အပြင်ပန်းသွင်ပြင်ကိုပဲ ဆိုလိုတာမဟုတ်ပါဘူး။ ဟီဂျဗ်ရဲ့ အဓိပ္ပာယ်မှာ မွန်မြတ်တဲ့ စကားအပြောအဆို၊ ဣန္ဒြေထိန်းသိမ်းခြင်းနှင့် ဂုဏ်သိက္ခာရှိခြင်းတို့လည်း ပါဝင်ပါတယ်။

ဟီဂျဗ်ရဲ့ အကျိုးကျေးဇူးများစွာအနက်မှ မွတ်စလင်မ်အမျိုးသမီးတွေ ဟီဂျဗ်ဝတ်ရတဲ့ အဓိကအကြောင်းရင်းက အလ္လာဟ်အရှင်မြတ်(ဖန်ဆင်းရှင်) ရဲ့ အမိန့်တော်ဖြစ်နေလို့ပါပဲ။ ပြီးတော့ဖန်ဆင်းရှင်ဟာ သူ့ရဲ့ အဖန်ဆင်းခံတွေ အတွက် ဘာက အကောင်းဆုံးလဲဆိုတာ သိရှိတော်မူပါတယ်။

ဟီဂျဗ်ဟာ အမျိုးသမီးတစ်ယောက်ကို သူမရဲ့အပြင်ပန်းအလှအပထက် အတွင်းစိတ်ထားလှပအောင်ကြိုးစားဖို့ အားပေးပါတယ်။ ဟီဂျဗ်ဟာ အမျိုးသမီးတွေကို မိမိရဲ့ ဣန္ဒြေကိုလည်း ထိန်းသိမ်းရင်း လူ့အသိုင်းအဝိုင်းမှာလည်း လွတ်လပ်စွာ၊ တက်ကြွစွာ ပါဝင်လှုပ်ရှားခွင့်ပေးပါတယ်။

ဟီဂျဗ်ဟာ ဖိနှိပ်ခံရခြင်း၊ နှိမ့်ချဆက်ဆံခံရခြင်း၊ နှုတ်ပိတ်တိတ်ဆိတ်နေရခြင်းတို့ရဲ့ သင်္ကေတမဟုတ်ပါဘူး။ ဒါဟာ အရှက်ရစေသော ဝေဖန်ချက်တွေ၊ မလိုလားအပ်တဲ့ ချဉ်းကပ်မှုတွေ၊ မတရားတဲ့ ခွဲခြားမှုတွေကနေ အကာအကွယ်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် နောက်တစ်ခါ သင် မွတ်စလင်မ်အမျိုးသမီးတစ်ဦးကို တွေ့တဲ့အခါ၊ သူမဟာ သူမရဲ့ ပြင်ပပုံပန်းသဏ္ဍာန်ကိုသာ ဖုံးအုပ်ထားတာဖြစ်ပြီး သူမရဲ့ စိတ်နဲ့ ဉာဏ်ပညာကို ဖုံးအုပ်ထားတာမဟုတ်ကြောင်း အမှတ်ရပေးပါ။